EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁၉)၊ နိုဝင်ဘာ ၂၂ ရက်၊ ၂၀၁၆

## သတင်းဓာတ်ပုံ



"ကြက်ခြေနီ အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ"ကို ကချင်ပြည်နယ်လွှတ်တော်၌ နိုဝင်ဘာလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့တွင် ကျင်းပနေစဉ်။ *(ကိုးကား - Kachin State Hluttaw Facebook Page)*

## ကြိုက်တာယူ ငါးထောင်တန် ဆိုင်တွေကို စစ်ဆေးမယ်



နိုဝင်ဘာ ၁၇၊ ၂၀၁၆

ရန်ကုန်မြို့တွင် နာမည်ကြီးနေသော နိုင်ငံခြားသားများ ဖွင့်ထားသည့် "ကြိုက်တာယူ ငါးထောင်ဆိုင်"များကို စစ်ဆေးသွားမည်ဟု သတင်းရရှိသည်။ ဝင်ရောက်စစ်ဆေးရာတွင် ဖမ်းဆီးအရေးယူရန်အတွက် မဟုတ်ဘဲ အခွန်ဆောင်ခြင်းရှိမရှိ၊ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းရှိမရှိ အစရှိသည်များကို အသိပညာပေးရန်ဖြစ်ကြောင်း ပန်းဘဲတန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောကြားခဲ့သည်။ မြို့နယ်ပူးပေါင်းအဖွဲ့တွေအဖြစ် စည်ပင်၊ လဝက၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့က တာဝန်ရှိသူတွေနဲ့အတူ ဆောင်ရွက်သွားမယ်လို့ ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

*(ကိုးကား - http://www.7daydaily.com မှ ကောက်နုတ်တင်ပြသည်။)*

## ရှမ်းပြည်နယ်လွှတ်တော်ရုံးသစ် တည်ဆောက်ရန် ထင်းရှူးတော မြောက်ဘက်ခြမ်းကို သွပ်ပြားများဖြင့်ကာနေ၍ ဒေသခံများစိုးရိမ်

နိုဝင်ဘာ ၂၁၊ ၂၀၁၆

တောင်ကြီးမြို့ သစ်တောရပ်ကွက် အိမ်တော်ရာလမ်းအတွင်းရှိထင်းရှူးတောမြောက်ဘက်ခြမ်းအား သွပ်ပြားများ ကာရံနေခြင်းကို တောင်ကြီးဒေသခံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ စိုးရိမ်နေကြောင်း သတင်းရရှိသည်။ နိုဝင်ဘာ ၁၇ ရက်မှ စတင်ကာ သွပ်ပြားများကာရံနေပြီး ကာရံထားသည့် အပိုင်းထဲတွင် နှစ်ရှည်ထင်းရှူးပင် ၁၀၀ကျော်ပါဝင်နေသည်ဟု တောင်ကြီးဒေသခံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ဆိုသည်။

"ရှမ်းပြည်နယ် လွှတ်တော်ရုံးသစ် တည်ဆောက်လို့ရှိရင် သစ်ပင်တစ်ပင်မှ မခုတ်ရတဲ့နေရာမှာ တည်ဆောက်မယ်လို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးတွေက လူထုတွေ့ဆုံပွဲမှာ ကတိပေးပြောထားတယ်။ အခု ကုမ္ပဏီက တည်ဆောက်မယ့်အပိုင်းကို ဒီလိုကာရံတာတွေ လုပ်ဆောင်လာတဲ့အတွက် အရမ်းကို စိုးရိမ်ပါတယ်။ သစ်ပင်တွေ ခုတ်မယ်ဆိုရင်တော့ ဆက်လက်ကန့်ကွက်သွားမယ်" ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကိုသက်ပိုင်စိုးက ပြောသည်။

လွှတ်တော်အသစ် တည်ဆောက်ရန် လွှတ်တော်ရုံးက စီစဉ်နေပြီး သစ်ပင်များ ခုတ်ထွင်မည်မဟုတ်ဘဲ လုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း ထိခိုက်မှုမရှိအောင် အကာအရံများ စီမံထားခြင်းသာ ဖြစ်သည်ဟု ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဒေသခံများ သဘောမတူညီသည့် ထင်းရှူးတောအတွင်း လွှတ်တော်တည်ဆောက်ရန် ခွင့်ပြုပေးမည်မဟုတ်ဘဲ သစ်ပင်တစ်ပင်မှ ခုတ်ထွင်ရခြင်းမရှိသည့်နေရာ၌သာ တည်ဆောက်ခွင့်ပြုထားသည်ဟု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က သတင်းမီဒီယာသမားများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ထင်းရှူးတောအတွင်း အကာအရံများ နေ့စဉ်လုပ်ဆောင်နေခြင်းနှင့် ပတ်သက်၍ လုပ်ငန်းခွင်တွင် ဆောင်ရွက်နေသည့် ကုမ္ပဏီမှ ဆောက်လုပ်ရေးလုပ်ငန်းခွင် တာဝန်ရှိသူအား မေးမြန်းသော်လည်း ပြန်လည်ဖြေကြားခြင်း မရှိပေ။

*(ကိုးကား-www.7daydaily.com မှ ကောက်နုတ်တင်ပြသည်။)*

# ၉ လ သက်တမ်း မန္တလေးတိုင်းဒေသကြီးလွှတ်တော်အပေါ် အမြင်များ

နိုဝင်ဘာ ၂၀၊ ၂၀၁၆

ဗိုလ်မှူးသိန်းဟန်
(တပ်မတော်သားကိုယ်စားလှယ်)

"ကျွန်တော်က FDA ကိစ္စနဲ့ အားကစားကွင်း တိုးချဲ့ပေးဖို့၊ အခမဲ့ကစားခွင့်ပေးဖို့ မေးခွန်းမေးခဲ့တာပါ။ နှစ်ခုစလုံးကို ဝန်ကြီးချုပ်က ဖြေခဲ့ပါတယ်။ သက်ဆိုင်တဲ့အဖြေအပြင် သူ့အမြင် သဘောထားတွေကိုပါ ဖြေဆိုပေးခဲ့ပါတယ်။ နောက်ပြီး FDA ကိစ္စဆိုရင်လည်း အခု ဈေးကွက်ထဲမှာ စစ်ဆေးနေတာမျိုးတွေ ရှိနေတာကို တွေ့ရပါတယ်။"

ဦးအောင်ကျော်ဦး (လွှတ်တော်ဥက္ကဋ္ဌ)

"လွှတ်တော်ကော၊ အစိုးရကော အခုမှ အစရှိကြသေးတာကို ကိုယ့်အစိုးရကို အကျပ်ရိုက်သွားမယ့်ဟာမျိုးကို ကျွန်တော်တို့ လွှတ်တော်အနေနဲ့က နည်းနည်းထိန်းကျောင်းရတာပေါ့နော်။"

ဦးကျော်မြင့် (ရမည်းသင်း ၂၊ USDP)

"စုံစမ်းစစ်ဆေးရေးအဖွဲ့တွေမှ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်နေရတာဟာ အုပ်ချုပ်ရေးပိုင်းကို ဝင်စွက်ဖက်သလို ဖြစ်နေ



လို့ ဖွဲ့စည်းပုံဥပဒေပုဒ်မ ၁၁ အရ ဒါမျိုးမဖြစ်သင့်တဲ့အကြောင်း မေးခွန်းမေးတာကို ပယ်ချခံခဲ့ရတယ်။ မေးတာဖြေတာတွေမှာ အားမရတာတွေရှိတယ်။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် လွှတ်တော်တက်ရတာ မပျော်မွေ့တော့တဲ့ အချိန်တောင်ရှိတယ်။ အစိုးရကို support လုပ်နေရင် Check and Balance ပျောက်သွားမယ်၊ အစိုးရကို လေ့လာစောင့်ကြည့်နေရမယ်။ (လွှတ်တော်နဲ့အစိုးရ) ညီလေး အစ်ကိုကြီး လုပ်နေလို့မရဘူး။"

ဦးအောင်ရွှေ(ချမ်းအေးသာစံ ၂၊
ဒီမိုကရက်တစ်ပါတီ-မြန်မာ)

"ကျွန်တော်က ပြည်သူပိုင်မြေ၊ နိုင်ငံတော်ပိုင်မြေမှာ ရုံးအဆောက်အအုံဖွင့်လှစ်ထားတဲ့ ကြံ့ခိုင်ရေးတိုင်းရုံးမြေကို ပြန်လည်သိမ်းဆည်းဖို့ မေးခဲ့တာရှိတယ်။ ဖြေတဲ့အဖြေက အဖြစ်မှန်ကို ဆင်းမကြည့်ဘဲ ဖြေထားတဲ့အဖြေပြန်ရတယ်။"

ဒေါ်သီတာငြိမ်း (မလှိုင် ၂၊ NLD)

"ကျွန်မတို့ဒေသမှာ ဒါတွေဖြစ်နေတယ်၊ ဒါတွေလိုအပ်နေတယ်ဆိုပြီးတော့ အစိုးရကို message ပေးရတာလေ။ သူတို့ဖြေတဲ့ အဖြေပေါ်မှာ အားရတယ်၊ အားမရဘူး ဆိုတာကတော့ သူတို့လုပ်ဆောင်ပေးတဲ့အပေါ် စောင့်ကြည့်ရမှာပဲ။"

ဦးမိုးမြင့်သိန်း (သာစည် ၁၊ USDP)

"ကိုယ်စားလှယ်တချို့ရဲ့ မေးခွန်းက အဆိုပုံစံတွေ ဖြစ်နေတယ်။ မလိုအပ်ဘဲ ဝေ့နေကြတာတွေရှိတယ်။ မေးခွန်းဆိုတာက လိုတိုရှင်းဖြစ်ရတယ်။"

ဦးမျိုးသစ် (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး)

"အစိုးရကို အားမလိုအားမရတွေတော့ ဖြစ်တတ်ကြပါတယ်၊ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။"

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*



## သတင်းဓာတ်ပုံ

နိုဝင်ဘာ ၂၀ ရက်နေ့ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင် (မြဝတီမြို့နယ်ဆန္ဒနယ်အမှတ် ၂) ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ယူဆောင်ရွက်မည့် မြဝတီမြို့နယ်အတွင်းရှိ စီမံကိန်းလုပ်ငန်းများကို လေ့လာကြည့်ရှုခဲ့သည်။ ဌာနမှ တာဝန်ရှိသူ လ/ထညွှန်မှူးဦးငွေစိုး၊ ဦးစီးအရာရှိ ဦးမျိုးအောင်စိုး လိုက်ပါခဲ့ပြီး လိုအပ်သည်များကို ကျေးရွာအုပ်ချုပ်ရေးမှူးအပါဝင် ပြည်သူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ *(ကိုးကား - Daw Nan Thuzar Wiin's Facebook Page)*

## ရန်ကုန်တိုင်းအစိုးရအဖွဲ့နှင့် လွှတ်တော်ကြား အချိတ်အဆက် အနည်းငယ်လွဲနေကြောင်း လွှတ်တော်ကိုယ်စားလှယ် ပြောကြား

နိုဝင်ဘာ ၂၀၊ ၂၀၁၆

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လွှတ်တော်အကြား အချိတ်အဆက်အနည်းငယ်လွဲနေကြောင်း ဒဂုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ပြောကြားသည်။

လွှတ်တော်၌ ဦးကျော်ဇေယျက မေးခွန်းလေးခုမေးမြန်းရန် စီစဉ်ထားရာ လွှတ်တော်ရုံးက မေးခွန်းများထပ်နေ၍ နှစ်ခုသာမေးမြန်းခွင့်ပြုသောကြောင့် နိုဝင်ဘာ ၁၆ ရက်တွင် ကျန်မေးခွန်းနှစ်ခုသာ မေးမြန်းခွင့်ရရှိခြင်းအပေါ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် တင်ပြချင်တဲ့အချက်ကတော့ အစိုးရအဖွဲ့နဲ့လွှတ်တော်နဲ့ အချိတ်အဆက်လေးတွေ နည်းနည်းလွဲနေတယ် ထင်ပါတယ်။ မြို့ပြစီမံကိန်းနဲ့ ပတ်သက်လို့ လွှတ်တော်ကနေ ဦးကျော်ဇေယျ မေးခွန်းမမေးပါနဲ့။ ကိုယ်စားလှယ်တွေ ထပ်နေတယ်ဆိုတဲ့အတွက် ကျွန်တော်က ကျူးကျော်တွေကို မေးခြင်းဖြစ်ပါတယ်"ဟု ဦးကျော်ဇေယျက လွှတ်တော်၌ ပြောကြားသည်။

လွှတ်တော်ရုံးက ထုတ်ပြန်သော အစီအစဉ်စာရွက်တွင် ဦးကျော်ဇေယျ၏ မေးခွန်းနှစ်ခုသာ ပါဝင်သော်လည်း ယင်းမေးခွန်းကို ပြန်လည်ဖြေကြားသော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက မေးခွန်းလေးခုစလုံးကို ပြန်လည်ဖြေကြားပြီး ယင်းကဲ့သို့ဖြေကြားခဲ့မှုအပေါ် ဦးကျော်ဇေယျက ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

"မေးတဲ့မေးခွန်းနဲ့ ဖြေတဲ့အဖြေက သိပ်အံဝင်ခွင်ကျမဖြစ်ဘူး၊ တိတိကျကျပြတ်ပြတ်သားသားမဖြစ်ဘူးဆိုရင် ကျေနပ်အားရမှုရှိမှာမဟုတ်ဘူး။ ကျွန်တော်တို့ ကိုယ်တိုင်လည်း အားမရတာတွေ ရှိပါတယ်။ နောက်တစ်ချက်ကိုယ်စားလာဖြေတဲ့အခါမှာ အချက်အလက်က ပိုပြီးအားနည်းသွားတာပေါ့။ ဆက်စပ်မေးခွန်းတွေမေးတဲ့အခါ ပိုပြီးဆိုးသွားတာတွေလည်း တွေ့ရှိရပါတယ်။ တကယ်ဖြစ်သင့်တာက မေးတဲ့မေးခွန်းနဲ့ ဖြေတဲ့အဖြေ အံဝင်ခွင်ကျဖြစ်ဖို့ အထူးပဲလိုအပ်လှပါတယ်"ဟု မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က မှတ်ချက်ပြုသည်။

*(ကိုးကား-www.7daydaily.com မှ ကောက်နုတ် တင်ပြသည်။)*

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၃၀ ဦး အစားထိုးပြောင်းလဲ

နိုဝင်ဘာ ၁၅၊ ၂၀၁၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၃၀ ဦးတို့အား အစားထိုးပြောင်းလဲလိုက်သည်။ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှအပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တပ်မတော်သားကိုယ်စားလှယ်အစားထိုးပြောင်းလဲမှုများရှိခဲ့သည်။

| တိုင်းဒေသကြီး/ ပြည်နယ် | အစားထိုးပြောင်းလဲသော တပ်မတော်သားကိုယ်စားလှယ်ဦးရေ |
|---|---|
| ကချင်ပြည်နယ် | ၁ ဦး |
| ကရင်ပြည်နယ် | ၂ ဦး |
| မွန်ပြည်နယ် | ၂ ဦး |
| ရခိုင်ပြည်နယ် | ၂ ဦး |
| ရှမ်းပြည်နယ် | ၇ ဦး |
| စစ်ကိုင်းတိုင်းဒေသကြီး | ၃ ဦး |
| တနင်္သာရီတိုင်းဒေသကြီး | ၁ ဦး |
| ပဲခူးတိုင်းဒေသကြီး | ၃ ဦး |
| မကွေးတိုင်းဒေသကြီး | ၂ ဦး |
| မန္တလေးတိုင်းဒေသကြီး | ၂ ဦး |
| ရန်ကုန်တိုင်းဒေသကြီး | ၃ ဦး |
| ဧရာဝတီတိုင်းဒေသကြီး | ၂ ဦး |

*( ကိုးကား - ကြေးမုံသတင်းစာ နိုဝင်ဘာ ၁၅၊ ၂၀၁၆)*

## တိုင်းရင်းသားရေးရာဝန်ကြီးများ ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

နိုဝင်ဘာ ၁၇၊ ၂၀၁၆

Euro-Burma Office (EBO) မှ ကြီးမှူး၍ "ဖယ်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ကို နိုဝင်ဘာ ၁၇ ရက်နေ့ နေပြည်တော် Royal President Hotel ၌ ကျင်းပခဲ့သည်။ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရှိ တိုင်းရင်းသားရေးရာဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ဖက်ဒရယ်စနစ်ကျင့်သုံးပါက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရကြား အာဏာခွဲယူပုံနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြဖို့ ဦးနိုင်သက်လွင်က ပြောကြားခဲ့သည်။ နှစ်ရက်ကြာပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဖက်ဒရယ်စနစ်ကို တည်ဆောက်တဲ့အခါမှာ နောက်ခံသမိုင်းကြောင်း အစဉ်အလာ ပကတိအနေအထားပေါ် မူတည်ပြီးတော့ ကိုယ်နိုင်ငံနဲ့ကိုက်ညီတဲ့ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ရမှာ ဖြစ်တယ်လို့ တက်ရောက်လာတဲ့သူတွေက ဆွေးနွေးခဲ့ကြသည်။

*(ကိုးကား - http://www.7daydaily.com)*

## သတင်းတို

■ မွန်ပြည်နယ် စည်ပင်သာယာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏ သဘောထားဆန္ဒ၊ အကြံပြုချက်များရယူရန် Public Hearing ကို မော်လမြိုင်မြို့တွင် နိုဝင်ဘာ ၂၁ ရက်နေ့တွင်လည်းကောင်း၊ သထုံမြို့၌ နိုဝင်ဘာ ၂၆ ရက်နေ့တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ တက်ရောက်လေ့လာဆွေးနွေးအကြံပြုလိုသူများ အသေးစိတ်အချက်အလက်ကို မွန်ပြည်နယ်လွှတ်တော် Website (www.monhluttaw.com) တွင် ရယူနိုင်ပါသည်။

*(ကိုးကား- www.monhluttaw.com)*